ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါဖြစ်ပွားမှု ခြုံငုံသုံးသပ်မှုအခြေအနေ

## (၁၁-၉-၂၀၂၀ ရက်နေ့)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ (https://mohs.gov.mm/Main/content/publication/2019-ncov) တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။

၁။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ

၂။ နေ့စဉ် COVID-19 ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ကူးစက်မှုအမျိုးအစား

၃။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

၄။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

၅။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက်

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ

၆။ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ

၇။ (က) COVID-19 ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ (၁၀) နိုင်ငံ၏ အခြေအနေ

(ခ) အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ

၈။ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

၉။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော မြန်မာလူမျိုးများ၏ ရောဂါအန္တရာယ် နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း

၁၀။ အထွေထွေ

၁၁။ ပြည်သူများဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ-

(က) Myanmar COVID-19 Surveillance Dashboard

Mobile View: https://bit.ly/2W0cmeE

Desktop View: https://bit.ly/2KCvZnQ

(ခ) မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports) https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာ များ https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ မြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၃၀-၈-၂၀၂၀) ရက်နေ့အထိ https://mohs.gov.mm/page/12202

## ၁။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဖြစ်ပွား၊ သေဆုံးမှု အခြေအနေ (၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၇) နာရီ

- ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း = ၂,၂၆၅ ဦး
- စုစုပေါင်းသေဆုံးသူ = ၁၄ ဦး
- လက်ရှိဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသောလူနာ = ၁,၆၆၂ ဦး
- ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်သူ = ၅၇၅ ဦး


### ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိသည့် COVID-19 လူနာစာရင်း

| စဉ် | ဆေးရုံ | လူနာ (ဦးရေ) |
|---|---|---|
| | **ရန်ကုန်တိုင်းဒေသကြီး** | |
| ၁ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | ၈၅၁ |
| ၂ | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၆၉ |
| ၃ | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၅၇ |
| ၄ | တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး | ၉ |
| ၅ | ရန်ကုန်ကလေးဆေးရုံကြီး | ၁ |
| ၆ | သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး | ၁ |
| ၇ | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | ၁ |
| | **ရခိုင်ပြည်နယ်** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | ၂၄၂ |
| ၂ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြောက်ဦးမြို့ | ၁၆ |
| ၃ | ခရိုင်ပြည်သူ့ဆေးရုံ၊ သံတွဲမြို့ | ၇ |
| ၄ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | ၂ |
| ၅ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | ၁၀ |
| ၆ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | ၁၉ |
| ၇ | ပြည်သူ့ဆေးရုံ၊ မြေပုံမြို့ | ၂၁ |
| ၈ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | ၁၃ |
| ၉ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | ၂၂ |

| စဉ် | ဆေးရုံ | လူနာ (ဦးရေ) |
|---|---|---|
| ၁၀ | ပြည်သူ့ဆေးရုံ၊ တောင်ကုတ်မြို့ | ၇ |
| ၁၁ | ပြည်သူ့ဆေးရုံ၊ ဂွမြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံ၊ မာန်အောင်မြို့ | ၁ |
| ၁၃ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | ၂၀ |
| ၁၄ | ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | ၉၁ |
| ၁၅ | ပြည်သူ့ဆေးရုံ၊ အမ်းမြို့ | ၃ |
| ၁၆ | ပြည်သူ့ဆေးရုံ၊ ရသေ့တောင်မြို့ | ၁ |
| ၁၇ | ပြည်သူ့ဆေးရုံ၊ ရမ်းဗြဲမြို့ | ၂ |
| | **မန္တလေးတိုင်းဒေသကြီး** | |
| ၁ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | ၄၆ |
| ၂ | ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ (ကန်တော်နဒီ) | ၂၀ |
| ၃ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့ | ၅ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ | ၄ |
| ၅ | ပြည်သူ့ဆေးရုံ၊ ရမည်းသင်းမြို့ | ၁ |
| ၆ | ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့ | ၁ |
| | **ပဲခူးတိုင်းဒေသကြီး** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | ၄၈ |
| ၂ | ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | ၂ |
| ၃ | ပြည်သူ့ဆေးရုံ၊ တောင်ငူမြို့ | ၃ |
| ၄ | ခရိုင်ပြည်သူ့ဆေးရုံ၊ သာယာဝတီမြို့ | ၁ |
| | **မွန်ပြည်နယ်** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၂၅ |
| | **နေပြည်တော်** | |
| ၁ | နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁၀၀၀) | ၁၈ |
| ၂ | အမှတ် (၂) တပ်မတော်ဆေးရုံကြီး၊ နေပြည်တော် | ၂ |

| စဉ် | ဆေးရုံ | လူနာ (ဦးရေ) |
|---|---|---|
| | **ကချင်ပြည်နယ်** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| ၂ | ပြည်သူ့ဆေးရုံ၊ ဖားကန့်မြို့ | ၁ |
| | **ရှမ်းပြည်နယ် (အရှေ့ပိုင်း)** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| | **ရှမ်းပြည်နယ် (တောင်ပိုင်း)** | |
| ၁ | တပ်မတော်ဆေးရုံကြီး ကုတင် (၇၀၀) အောင်ပန်းမြို့ | ၂ |
| ၂ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | ၁ |
| | **တနင်္သာရီတိုင်းဒေသကြီး** | |
| ၁ | ခရိုင်ပြည်သူ့ဆေးရုံ၊ ကော့သောင်းမြို့ | ၃ |
| | **ဧရာဝတီတိုင်းဒေသကြီး** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | ၂ |
| ၂ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | ၆ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့ | ၁ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | ၁ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | ၃ |
| ၆ | ပြည်သူ့ဆေးရုံ၊ ဘိုကလေးမြို့ | ၁ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၁ |
| ၂ | ပြည်သူ့ဆေးရုံကြီး၊ မြင်းမူမြို့ | ၁ |
| | **ကရင်ပြည်နယ်** | |
| ၁ | ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | ၁ |
| | **မကွေးတိုင်းဒေသကြီး** | |
| ၁ | မကွေးသင်ကြားရေးဆေးရုံကြီး | ၃ |
| ၂ | သင်ကြားရေးဆေးရုံကြီး၊ ပခုက္ကူမြို့ | ၁ |
| | **စုစုပေါင်း** | ၁၆၆၂ |

၂။ နေ့စဉ် COVID-19 ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ကူးစက်မှုအမျိုးအစား (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၀-၉-၂၀၂၀)ရက်နေ့အထိ



## ၃။ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၁-၈-၂၀၂၀ ရက်နေ့၊ နံနက် ၇ နာရီအထိ)

| စစ်ဆေးသည့်ရက်စွဲ | စောင့်ကြည့်လူနာ (PUI) | | အသွားအလာကန့်သတ်ထားရှိသူ | | ပိုးတွေ့လူနာဖြင့် အနီးကပ်ထိတွေ့သူ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ | ဓာတ်ခွဲ | ပိုးတွေ့ |
| (၃-၂-၂၀၂၀)မှ (၅-၉-၂၀၂၀) အထိ | ၉,၀၈၇ | ၂၃၅ | ၁၅၇,၄၉၉ | ၃၉၈ | ၈,၁၂၄ | ၆၈၆ | ၁၇၄,၇၁၀ | ၁,၃၁၉ |
| (၆-၉-၂၀၂၀) | ၁၄၆ | ၄၃ | ၁,၇၄၁ | ၂၄ | ၃၄၅ | ၇၈ | ၂,၂၃၂ | ၁၄၅ |
| (၇-၉-၂၀၂၀) | ၁၁၉ | ၃၀ | ၂,၀၆၅ | ၁၈ | ၃၄၅ | ၉၈ | ၂,၅၂၉ | ၁၄၆ |
| (၈-၉-၂၀၂၀) | ၂၂၁ | ၆၄ | ၂,၄၉၃ | ၁၀ | ၁၃၈ | ၁၂၃ | ၂,၈၅၂ | ၁၉၇ |
| (၉-၉-၂၀၂၀) | ၁၉၄ | ၆၅ | ၂,၇၈၉ | ၂၉ | ၁၆၈ | ၁၀၇ | ၃,၁၅၁ | ၂၀၁ |
| (၁၀-၉-၂၀၂၀) | ၃၃၁ | ၁၁၅ | ၂,၂၄၈ | ၄၀ | ၃၂၀ | ၁၀၂ | ၂,၈၉၉ | ၂၅၇ |
| စုစုပေါင်း | ၁၀,၀၉၈ | ၅၅၂ | ၁၆၈,၈၃၅ | ၅၁၉ | ၉,၄၄၀ | ၁,၁၉၄ | ၁၈၈,၃၇၃ | ၂,၂၆၅ |

- စောင့်ကြည့်လူနာများတွင် ပိုးတွေ့ရှိမှုနှုန်း - ၅.၄၇ %
- အသွားအလာကန့်သတ်ထားရှိသူများတွင် ပိုးတွေ့ရှိမှုနှုန်း - ၀.၃၁ %
- ပိုးတွေ့ လူနာဖြင့် အနီးကပ်ထိတွေ့သူ ပိုးတွေ့ရှိမှုနှုန်း - ၁၂.၆၅ %

## ၄။ ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မောင်တော မြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့တွင် (၁၈-၅-၂၀၂၀) ရက်နေ့မှ (၁၅-၈-၂၀၂၀) ရက်နေ့အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၆) ဦး တွေ့ရှိခဲ့ပါသည်။

သို့ရာတွင် ရခိုင်ပြည်နယ်တွင် (၁၆-၈-၂၀၂၀) ရက်နေ့မှ (၁၁-၉-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းအထိ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၆၇၅) ဦးတွေ့ရှိရပါသည်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေဖြင့် အောက်ပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက် ရှိပါသည် -

(က) ရခိုင်ပြည်နယ်တွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ကပ်ရောဂါဗေဒပညာရှင် ညွှန်ကြားရေးမှူးအပါအဝင် ဒေါက်တာ ညဏ်ဝင်းမြင့် ဦးဆောင်သောဗဟိုကွင်းဆင်းအဖွဲ့နှင့် "မိမိဆန္ဒအလျောက်" တာဝန်ထမ်းဆောင်ရန် အဆိုပြုခဲ့သည့် ဝန်ထမ်း (၁၂၈) ဦးတို့သည် (၁၇-၈-၂၀၂၀) ရက်နေ့၊ (၂၇-၈-၂၀၂၀) ရက်နေ့နှင့် (၃၁-၈-၂၀၂၀) ရက်နေ့တို့တွင်လည်း ကောင်း သက်ဆိုင်ရာ မြို့နယ်များသို့ ရောက်ရှိကာ အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်သူများ (Primary Contact) များအား အချိန်နှင့်တပြေးညီ ရှာဖွေဖော်ထုတ်၍ သတ်မှတ်ထားသော နေရာများ တွင် အသွားအလာကန့်သတ်ခြင်း (Facility Quarantine) နှင့် ဓာတ်ခွဲနမူနာရယူ စစ်ဆေးခြင်း၊

(ဂ) အနီးကပ်ထိတွေ့သူများနှင့် ထပ်ဆင့်ထိတွေ့သူများ (Secondary Contact) များ အား ရှာဖွေဖော်ထုတ်၍ ကနဦးအနေဖြင့် နေအိမ်တွင် အသွားအလာကန့်သတ် ထားရှိခြင်း (Home Quarantine) နှင့် ဓာတ်ခွဲနမူနာရယူစစ်ဆေးခြင်း၊

(ဃ) စစ်တွေပြည်သူ့ဆေးရုံကြီးနှင့် ရခိုင်ပြည်နယ်ရှိ အခြားဆေးရုံများသို့ ရောဂါ ကာကွယ်ရေးဝတ်စုံများ (Personal Protective Equipment)၊ ဓာတ်ခွဲနမူနာများ ရယူရာတွင် လိုအပ်သည့် (Viral Transport Medium-VTM) အပါအဝင် အခြား ဆေးနှင့်ဆေး ပစ္စည်းများ အလုံအလောက် ပံ့ပိုးထားခြင်း၊

(င) ရခိုင်ပြည်နယ်ရှိ ဓာတ်ခွဲအတည်ပြုလူနာအများစုတွေ့ရှိရသည့် စစ်တွေမြို့နယ် တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း (၂၀-၈-၂၀၂၀) ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခြင်း၊

(စ) စစ်တွေပြည်သူ့ဆေးရုံကြီးတွင် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှု ပိုမိုဆောင်ရွက်နိုင်ရန် ရှိပြီးဖြစ်သော GeneXpert (2 Modules) တစ်လုံးအပြင် GeneXpert (16 Modules) တစ်လုံးကို (၂၀-၈-၂၀၂၀)ရက်နေ့တွင် ထပ်မံပို့ဆောင်ပြီး ရခိုင် ပြည်နယ်အတွင်း အခြားမြို့နယ်မှ အဏုဇီဝဆရာဝန် (Microbiologist) တစ်ဦးကို တွဲဖက်တာဝန်ချထားကာ ဓာတ်ခွဲစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိခြင်း၊

(ဆ) IDP Camp များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေ သည့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများမှ ဝန်ထမ်းများမှတဆင့် ရောဂါကူးစက် မှုမရှိစေရေးအတွက် ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှ အထူး စီမံဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြား ထားခြင်း၊


(ဇ) စစ်တွေမြို့နှင့် အခြားမြို့များတွင် Quarantine Site များအား အသင့်ပြင်ဆင်ထားရှိခြင်း၊

(ဈ) စစ်တွေမြို့၊ ယာယီကယ်ဆယ်ရေးစခန်းများ (IDP Camps) တွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားပါက စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာများအား ကုသမှုပေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခြင်း၊

ရခိုင်ပြည်နယ်တွင် (၁၆-၈-၂၀၂၀) ရက်နေ့မှ (၁၁-၉-၂၀၂၀) ရက်နေ့ နံနက်ပိုင်းအထိ ပိုးတွေ့ရှိမှု အခြေအနေ

| စဉ် | မြို့နယ် | ဦးရေ |
|---|---|---|
| ၁။ | စစ်တွေ | ၃၇၅ |
| ၂။ | ကျောက်ဖြူ | ၉၄ |
| ၃။ | ပေါက်တော | ၄၀ |
| ၄။ | မင်းပြား | ၂၆ |
| ၅။ | ကျောက်တော် | ၂၆ |
| ၆။ | မြေပုံ | ၂၃ |
| ၇။ | မောင်တော | ၂၃ |
| ၈။ | မြောက်ဦး | ၁၈ |
| ၉။ | ပုဏ္ဏားကျွန်း | ၁၈ |
| ၁၀။ | သံတွဲ | ၉ |
| ၁၁။ | ဘူးသီးတောင် | ၈ |
| ၁၂။ | တောင်ကုတ် | ၇ |
| ၁၃။ | အမ်း | ၃ |
| ၁၄။ | ရမ်းဗြဲ | ၂ |
| ၁၅။ | ဂွ | ၁ |
| ၁၆။ | မာန်အောင် | ၁ |
| ၁၇။ | ရသေ့တောင် | ၁ |
| | စုစုပေါင်း | ၆၇၅ |

## ရခိုင်ပြည်နယ်အတွင်း နေ့စဉ် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှုအခြေအနေ
## (၁၆-၈-၂၀၂၀)ရက်နေ့မှ (၁၁-၉-၂၀၂၀)ရက်နေ့ နံနက် (၈:၀၀)နာရီအထိ (n=675)



၄။ (က) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုသည့် နေရာအရေအတွက် (၉-၉-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသ ကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် နေရာအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|
| | | ၄/၉ | ၅/၉ | ၆/၉ | ၇/၉ | ၈/၉ | ၉/၉ |
| ၁။ | မကွေး | ၄၈ | ၄၈ | ၄၈ | ၄၈ | ၄၈ | ၄၈ |
| ၂။ | စစ်ကိုင်း | ၁၈၀ | ၁၈၁ | ၁၈၁ | ၁၈၉ | ၃၅၉ | ၃၇၅ |
| ၃။ | ကရင် | ၃၇၇ | ၃၇၅ | ၃၇၀ | ၃၇၈ | ၃၆၆ | ၃၅၉ |
| ၄။ | ကချင် | ၁၀၉ | ၁၁၈ | ၁၂၁ | ၁၃၇ | ၁၄၂ | ၁၅၀ |
| ၅။ | ရခိုင် | ၄၆၁ | ၄၆၆ | ၄၆၈ | ၄၆၇ | ၄၆၇ | ၄၆၆ |
| ၆။ | ပဲခူး | ၁၈၆ | ၁၉၇ | ၂၀၈ | ၂၀၈ | ၂၁၁ | ၂၁၄ |
| ၇။ | မွန် | ၂၆၅ | ၂၆၉ | ၂၇၃ | ၂၆၄ | ၂၅၅ | ၂၃၈ |
| ၈။ | ရှမ်း (မြောက်) | ၂၇၆ | ၂၈၁ | ၂၈၁ | ၂၈၇ | ၂၉၂ | ၂၉၈ |
| ၉။ | တနင်္သာရီ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ | ၁၈၉ |
| ၁၀။ | ဧရာဝတီ | ၁၂၄ | ၁၆၇ | ၂၂၂ | ၂၂၂ | ၄၄၈ | ၄၉၀ |
| ၁၁။ | ရှမ်း (တောင်) | ၇၈ | ၇၈ | ၇၈ | ၇၈ | ၇၈ | ၇၈ |
| ၁၂။ | မန္တလေး | ၈၇ | ၈၇ | ၁၀၄ | ၁၇၄ | ၂၅၉ | ၂၇၇ |
| ၁၃။ | ရန်ကုန် | ၈၁ | ၈၂ | ၈၄ | ၈၄ | ၈၇ | ၈၆ |
| ၁၄။ | ကယား | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ |
| ၁၅။ | ချင်း | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၂၀ |
| ၁၆။ | ရှမ်း (အရှေ့) | ၇ | ၇ | ၇ | ၇ | ၇ | ၇ |
| ၁၇။ | နေပြည်တော် | ၇ | ၇ | ၇ | ၇ | ၇ | ၉ |
| | စုစုပေါင်း | ၂,၅၁၂ | ၂,၅၈၉ | ၂,၆၇၈ | ၂,၇၇၆ | ၃,၂၅၂ | ၃,၃၂၂ |

## ၄။ (ခ) တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သတ်မှတ်နေရာများ၌ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုနေသူဦးရေ (၉-၉-၂၀၂၀) ရက်နေ့ (၁၇:၀၀) နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အသွားအလာကန့်သတ်သည့် ဦးရေ | | | | | |
|---|---|---|---|---|---|---|---|
| | | ၄/၉ | ၅/၉ | ၆/၉ | ၇/၉ | ၈/၉ | ၉/၉ |
| ၁။ | ရန်ကုန် | ၅,၇၅၃ | ၅,၇၇၀ | ၆,၂၁၈ | ၆,၄၃၃ | ၆,၉၆၈ | ၆,၆၈၃ |
| ၂။ | ရခိုင် | ၂,၉၀၅ | ၂,၉၃၆ | ၂,၉၆၈ | ၂,၉၃၉ | ၂,၉၇၇ | ၂,၉၉၁ |
| ၃။ | ဧရာဝတီ | ၉၈၉ | ၁,၁၆၂ | ၁,၄၉၈ | ၂,၀၇၇ | ၂,၅၂၄ | ၂,၈၄၉ |
| ၄။ | မန္တလေး | ၁,၃၆၃ | ၁,၅၈၁ | ၁,၈၁၀ | ၂,၂၆၇ | ၂,၆၅၁ | ၂,၈၄၅ |
| ၅။ | မွန် | ၂,၆၄၁ | ၂,၆၅၃ | ၂,၆၉၄ | ၂,၈၃၂ | ၂,၇၈၈ | ၂,၈၀၆ |
| ၆။ | ပဲခူး | ၂,၄၂၄ | ၂,၅၂၀ | ၂,၅၄၁ | ၂,၆၃၈ | ၂,၆၈၄ | ၂,၇၅၇ |
| ၇။ | ကရင် | ၂,၀၁၄ | ၂,၀၆၇ | ၂,၁၉၃ | ၂,၂၃၅ | ၂,၂၁၃ | ၂,၂၃၉ |
| ၈။ | စစ်ကိုင်း | ၁,၁၀၉ | ၁,၁၂၄ | ၁,၃၄၄ | ၁,၆၁၃ | ၁,၈၈၇ | ၂,၀၃၅ |
| ၉။ | တနင်္သာရီ | ၁,၈၅၇ | ၁,၈၄၃ | ၁,၈၄၃ | ၁,၈၉၆ | ၁,၈၉၇ | ၁,၈၈၇ |
| ၁၀။ | မကွေး | ၁,၃၁၆ | ၁,၃၁၆ | ၁,၃၁၆ | ၁,၃၁၆ | ၁,၃၁၆ | ၁,၃၁၆ |
| ၁၁။ | ရှမ်း (တောင်) | ၅၂၁ | ၆၂၅ | ၆၉၇ | ၇၇၄ | ၈၅၈ | ၁,၁၃၉ |
| ၁၂။ | နေပြည်တော် | ၉၆၇ | ၁,၂၁၂ | ၁,၂၅၇ | ၁,၁၄၅ | ၁,၁၃၃ | ၁,၁၂၁ |
| ၁၃။ | ကချင် | ၇၀၆ | ၇၈၁ | ၈၁၇ | ၉၂၈ | ၉၇၀ | ၁,၀၆၅ |
| ၁၄။ | ရှမ်း (မြောက်) | ၁၆၀ | ၁၇၁ | ၁၇၁ | ၁၉၆ | ၂၂၇ | ၂၇၉ |
| ၁၅။ | ချင်း | ၁၂၁ | ၁၅၄ | ၁၇၀ | ၁၇၄ | ၁၈၅ | ၁၈၆ |
| ၁၆။ | ရှမ်း (အရှေ့) | ၃၆ | ၃၉ | ၆၂ | ၇၁ | ၁၁၄ | ၁၁၆ |
| ၁၇။ | ကယား | ၇၆ | ၈၂ | ၁၀၄ | ၉၇ | ၉၁ | ၈၄ |
| စုစုပေါင်း | | ၂၄,၉၅၈ | ၂၆,၀၃၆ | ၂၇,၇၀၃ | ၂၉,၆၃၁ | ၃၁,၄၈၃ | ၃၂,၃၉၈ |

သတ်မှတ်ကာလ (၂၁) ရက် ပြီးဆုံးသူများအား နေအိမ်၌ (၇)ရက် ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

## ၆။ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ (၁၁-၉-၂၀၂၀) နံနက် ၇ နာရီအထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရန်ကုန် တိုင်းဒေသကြီး | ၁ | သဃ်န်းကျွန်း | ၂၁၂ | ၁ |
| | | ၂ | အင်းစိန် | ၉၂ | |
| | | ၃ | တောင်ဥက္ကလာပ | ၈၈ | ၁ |
| | | ၄ | လှိုင် | ၈၃ | ၁ |
| | | ၅ | မရမ်းကုန်း | ၇၃ | ၁ |
| | | ၆ | တာမွေ | ၇၂ | ၁ |
| | | ၇ | ကမာရွတ် | ၆၈ | |
| | | ၈ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၆ | |
| | | ၉ | မင်္ဂလာဒုံ | ၄၅ | |
| | | ၁၀ | သာကေတ | ၄၃ | |
| | | ၁၁ | မြောက်ဥက္ကလာပ | ၄၂ | ၁ |
| | | ၁၂ | ဗိုလ်တထောင် | ၄၂ | ၁ |
| | | ၁၃ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၃၅ | ၁ |
| | | ၁၄ | လှိုင်သာယာ | ၃၂ | |
| | | ၁၅ | မင်္ဂလာတောင်ညွန့် | ၂၉ | ၁ |
| | | ၁၆ | စမ်းချောင်း | ၂၅ | |
| | | ၁၇ | ဗဟန်း | ၂၄ | |
| | | ၁၈ | ပုဇွန်တောင် | ၂၄ | ၁ |
| | | ၁၉ | ကြည့်မြင်တိုင် | ၂၁ | |
| | | ၂၀ | ကျောက်တံတား | ၁၉ | |
| | | ၂၁ | လမ်းမတော် | ၁၆ | |
| | | ၂၂ | ပန်းဘဲတန်း | ၁၄ | ၁ |
| | | ၂၃ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၄ | |
| | | ၂၄ | ဒဂုံ | ၁၄ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| | | ၂၅ | ရန်ကင်း | ၁၄ | |
| | | ၂၆ | အလုံ | ၁၁ | |
| | | ၂၇ | ဒေါပုံ | ၁၀ | |
| | | ၂၈ | ဒဂုံ (ဆိပ်ကမ်း) | ၁၀ | |
| | | ၂၉ | ရွှေပြည်သာ | ၉ | |
| | | ၃၀ | လှည်းကူး | ၉ | ၁ |
| | | ၃၁ | သန်လျင် | ၆ | ၁ |
| | | ၃၂ | တွံတေး | ၆ | |
| | | ၃၃ | ဒလ | ၆ | |
| | | ၃၄ | ကော့မှူး | ၆ | |
| | | ၃၅ | မှော်ဘီ | ၂ | |
| | | ၃၆ | ခရမ်း | ၂ | |
| | | ၃၇ | ကျောက်တန်း | ၁ | |
| | | ၃၈ | လသာ | ၁ | |
| | | ၃၉ | ဆိပ်ကြီးခနောင်တို | ၁ | |
| | | ၄၀ | သုံးခွ | ၁ | |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁ | ဒိုက်ဦး | ၂၄ | |
| | | ၂ | ကဝ | ၁၉ | |
| | | ၃ | ဝေါ | ၅ | |
| | | ၄ | ပေါက်ခေါင်း | ၄ | ၁ |
| | | ၅ | ပြည် | ၃ | |
| | | ၆ | တောင်ငူ | ၁ | |
| | | ၇ | ပန်းတောင်း | ၁ | |
| | | ၈ | ပဲခူး | ၁ | |
| | | ၉ | ညောင်လေးပင် | ၁ | |
| | | ၁၀ | မိုးညို | ၁ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၃ | စစ်ကိုင်း တိုင်းဒေသကြီး | ၁ | ကလေး | ၇ | |
| | | ၂ | စစ်ကိုင်း | ၃ | |
| | | ၃ | မြင်းမူ | ၁ | |
| ၄ | ချင်းပြည်နယ် | ၁ | တီးတိန် | ၈ | |
| | | ၂ | တွန်းဇံ | ၇ | |
| | | ၃ | ထန်တလန် | ၁ | |
| | | ၄ | မင်းတပ် | ၁ | |
| | | ၅ | ဟားခါး | ၁ | |
| ၅ | မန္တလေး တိုင်းဒေသကြီး | ၁ | မြင်းခြံ | ၅၀ | |
| | | ၂ | အမရပူရ | ၉ | |
| | | ၃ | သာစည် | ၅ | |
| | | ၄ | ချမ်းအေးသာဇံ | ၄ | |
| | | ၅ | ချမ်းမြသာစည် | ၃ | |
| | | ၆ | အောင်မြေသာစံ | ၂ | |
| | | ၇ | ပြင်ဦးလွင် | ၁ | |
| | | ၈ | ပုသိမ်ကြီး | ၁ | |
| | | ၉ | မတ္တရာ | ၁ | |
| | | ၁၀ | မဟာအောင်မြေ | ၁ | |
| | | ၁၁ | မိတ္ထီလာ | ၁ | |
| | | ၁၂ | ရမည်းသင်း | ၁ | |
| ၆ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁ | မိုင်းယောင်း | ၃ | |
| | | ၂ | တာချီလိတ် | ၂ | |
| | | ၃ | မိုင်းဖြတ် | ၁ | |
| | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁ | တောင်ကြီး | ၃ | |
| | | ၂ | ကလော | ၂ | |
| | | ၃ | ရွာငံ | ၁ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| | | ၄ | ဆီဆိုင် | ၁ | |
| | | ၅ | ဟိုပုံး | ၁ | |
| | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁ | မူဆယ် | ၂ | |
| | | ၂ | ကျောက်မဲ | ၁ | |
| ၇ | နေပြည်တော် | ၁ | ဇမ္ဗူသီရိ | ၉ | |
| | | ၂ | ဒက္ခိဏသီရိ | ၅ | |
| | | ၃ | ပုဗ္ဗသီရိ | ၃ | |
| | | ၄ | ဥတ္တရသီရိ | ၂ | |
| | | ၅ | ဇေယျာသီရိ | ၁ | |
| | | ၆ | တပ်ကုန်း | ၁ | |
| | | ၇ | ပျဉ်းမနား | ၁ | |
| ၈ | မကွေး တိုင်းဒေသကြီး | ၁ | မကွေး | ၂ | |
| | | ၂ | နတ်မောက် | ၂ | |
| | | ၃ | မြို့သစ် | ၁ | |
| | | ၄ | သရက် | ၁ | |
| | | ၅ | အောင်လံ | ၁ | |
| | | ၆ | မြိုင် | ၁ | |
| ၉ | ကရင်ပြည်နယ် | ၁ | ဘားအံ | ၂၆ | |
| | | ၂ | မြဝတီ | ၂ | |
| | | ၃ | သံတောင်ကြီး | ၂ | |
| | | ၄ | ကြာအင်းဆိပ်ကြီး | ၁ | |
| | | ၅ | ကော့ကရိတ် | ၁ | |
| ၁၀ | ရခိုင်ပြည်နယ် | ၁ | စစ်တွေ | ၃၇၅ | |
| | | ၂ | ကျောက်ဖြူ | ၉၄ | |
| | | ၃ | ပေါက်တော | ၄၀ | |
| | | ၄ | မောင်တော | ၃၃ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| | | ၅ | ကျောက်တော် | ၂၇ | |
| | | ၆ | မင်းပြား | ၂၆ | |
| | | ၇ | မြေပုံ | ၂၃ | |
| | | ၈ | မြောက်ဦး | ၁၈ | |
| | | ၉ | ပုဏ္ဏားကျွန်း | ၁၈ | |
| | | ၁၀ | ဘူးသီးတောင် | ၁၀ | |
| | | ၁၁ | သံတွဲ | ၁၀ | |
| | | ၁၂ | တောင်ကုတ် | ၈ | |
| | | ၁၃ | အမ်း | ၃ | |
| | | ၁၄ | ရမ်းဗြဲ | ၂ | |
| | | ၁၅ | မန်အောင် | ၁ | |
| | | ၁၆ | ဂွ | ၁ | |
| | | ၁၇ | ရသေ့တောင် | ၁ | |
| ၁၁ | မွန်ပြည်နယ် | ၁ | မော်လမြိုင် | ၂၃ | |
| | | ၂ | ကျိုက်ထို | ၃ | |
| | | ၃ | ကျိုက်မရော | ၁ | |
| | | ၄ | ပေါင် | ၁ | |
| | | ၅ | မုဒုံ | ၁ | |
| ၁၂ | ကချင်ပြည်နယ် | ၁ | မိုးညှင်း | ၁ | |
| | | ၂ | မိုးမောက် | ၁ | |
| | | ၃ | မြစ်ကြီးနား | ၁ | |
| | | ၄ | ဖားကန့် | ၁ | |
| ၁၃ | တနင်္သာရီ တိုင်းဒေသကြီး | ၁ | ကော့သောင်း | ၄ | |
| | | ၂ | လောင်းလုံ | ၁ | |
| | | ၃ | ရေဖြူ | ၁ | |
| ၁၄ | ရောဝတီ | ၁ | ဖျာပုံ | ၆ | |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | | ပိုးတွေ့ လူနာ ဦးရေ | သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| | တိုင်းဒေသကြီး | ၂ | ပုသိမ် | ၃ | |
| | | ၃ | မအူပင် | ၃ | |
| | | ၄ | ငပုတော | ၂ | |
| | | ၅ | ကြံခင်း | ၁ | |
| | | ၆ | သာပေါင်း | ၁ | |
| | | ၇ | ကျုံပျော် | ၁ | |
| | | ၈ | ဟသင်္တ | ၁ | |
| | | ၉ | အိမ်မဲ | ၁ | |
| | | ၁၀ | ဘိုကလေး | ၁ | |
| | | ၁၁ | ဝါးခယ်မ | ၁ | |
| စုစုပေါင်း | | ၁၃၈ မြို့နယ် | | ၂,၂၆၅ | ၁၄ |

- မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များအနက် ကယားပြည်နယ်တစ်ခုတွင်သာ COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရပါ။
- မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အနက် မြို့နယ် (၂၁၃) မြို့နယ်တွင် COVID-19 ရောဂါပိုး တွေ့ လူနာမတွေ့ရှိရပါ။

၆ (က)။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ COVID-19 ရောဂါတွေ့ရှိခဲ့မှု အခြေအနေ
(၁၁-၉-၂၀၂၀) နံနက် ၇ နာရီအထိ

| စဉ် | မြို့နယ် | (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၀-၉-၂၀၂၀) ရက်နေ့အထိ | လွန်ခဲ့သော (၂၄) နာရီအတွင်း လူနာသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|---|---|
| ၁ | သင်္ဃန်းကျွန်း | ၁၈၂ | ၃၀ | ၂၁၂ |
| ၂ | အင်းစိန် | ၈၄ | ၈ | ၉၂ |
| ၃ | တောင်ဥက္ကလာပ | ၇၁ | ၁၇ | ၈၈ |
| ၄ | လှိုင် | ၇၄ | ၉ | ၈၃ |
| ၅ | မရမ်းကုန်း | ၅၅ | ၁၈ | ၇၃ |
| ၆ | တာမွေ | ၅၇ | ၁၅ | ၇၂ |
| ၇ | ကမာရွတ် | ၆၈ | | ၆၈ |
| ၈ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၆ | ၁၀ | ၄၆ |
| ၉ | မင်္ဂလာဒုံ | ၃၅ | ၁၀ | ၄၅ |
| ၁၀ | သာကေတ | ၃၆ | ၇ | ၄၃ |
| ၁၁ | မြောက်ဥက္ကလာပ | ၃၂ | ၁၀ | ၄၂ |
| ၁၂ | ဗိုလ်တထောင် | ၄၀ | ၂ | ၄၂ |
| ၁၃ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၉ | ၆ | ၃၅ |
| ၁၄ | လှိုင်သာယာ | ၃၀ | ၂ | ၃၂ |
| ၁၅ | မင်္ဂလာတောင်ညွန့် | ၂၀ | ၉ | ၂၉ |
| ၁၆ | စမ်းချောင်း | ၂၃ | ၂ | ၂၅ |
| ၁၇ | ဗဟန်း | ၁၉ | ၅ | ၂၄ |
| ၁၈ | ပုဇွန်တောင် | ၁၉ | ၅ | ၂၄ |
| ၁၉ | ကြည့်မြင်တိုင် | ၁၃ | ၈ | ၂၁ |
| ၂၀ | ကျောက်တံတား | ၁၇ | ၂ | ၁၉ |
| ၂၁ | လမ်းမတော် | ၈ | ၈ | ၁၆ |
| ၂၂ | ပန်းဘဲတန်း | ၁၁ | ၃ | ၁၄ |
| ၂၃ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၂ | ၂ | ၁၄ |
| ၂၄ | ဒဂုံ | ၁၃ | ၁ | ၁၄ |
| ၂၅ | ရန်ကင်း | ၁၂ | ၂ | ၁၄ |

| စဉ် | မြို့နယ် | (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၀-၉-၂၀၂၀) ရက်နေ့အထိ | လွန်ခဲ့သော (၂၄) နာရီအတွင်း လူနာသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|---|---|
| ၂၆ | အလုံ | ၁၁ | | ၁၁ |
| ၂၇ | ဒေါပုံ | ၁၀ | | ၁၀ |
| ၂၈ | ဒဂုံ (ဆိပ်ကမ်း) | ၇ | ၃ | ၁၀ |
| ၂၉ | ရွှေပြည်သာ | ၆ | ၃ | ၉ |
| ၃၀ | လှည်းကူး | ၉ | | ၉ |
| ၃၁ | သန်လျင် | ၆ | | ၆ |
| ၃၂ | တွံတေး | ၆ | | ၆ |
| ၃၃ | ဒလ | ၅ | ၁ | ၆ |
| ၃၄ | ကော့မှူး | ၆ | | ၆ |
| ၃၅ | မှော်ဘီ | ၂ | | ၂ |
| ၃၆ | ခရမ်း | ၂ | | ၂ |
| ၃၇ | ကျောက်တန်း | ၁ | | ၁ |
| ၃၈ | လသာ | ၁ | | ၁ |
| ၃၉ | ဆိပ်ကြီးခနောင်တို | ၁ | | ၁ |
| ၄၀ | သုံးခွ | ၀ | ၁ | ၁ |
| | | ၁,၀၆၉ | ၁၉၉ | ၁,၂၆၈ |

## ၇။ (က) COVID-19 ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ (၁၀) နိုင်ငံ၏ အခြေအနေ (၁၁-၉-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၁:၀၀) အချိန်အထိ

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ဓာတ်ခွဲ အတည်ပြု လူနာ စုစုပေါင်း | (၂၄) နာရီအတွင်း ဓာတ်ခွဲ အတည်ပြု လူနာ အသစ် | သေဆုံးသူ ဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၉.၁ | ၆,၂၇၂,၁၉၃ | ၂၃,၂၀၄ | ၁၈၈,၆၀၈ |
| ၂။ | အိန္ဒိယ | ၁၃၆၈.၇ | ၄,၄၆၅,၈၆၃ | ၉၅,၇၅၃ | ၇၅,၀၆၂ |
| ၃။ | ဘရာဇီး | ၂၁၂.၄ | ၄၁၆၂,၀၇၃ | ၁၄,၅၂၁ | ၁၂၇,၄၆၄ |
| ၄။ | ရုရှ | ၁၄၃.၉ | ၁၀၄၆,၃၇၀ | ၅,၃၆၃ | ၁၈,၂၆၃ |
| ၅။ | ပီရူး | ၃၂.၉ | ၆၉၆,၁၉၀ | ၄,၆၁၅ | ၃၀,၁၂၃ |
| ၆။ | ကိုလံဘီယာ | ၄၉.၈ | ၆၇၉,၅၁၃ | ၇,၆၆၅ | ၂၁,၈၁၇ |
| ၇။ | တောင်အာဖရိက | ၅၉.၃ | ၆၄၂,၄၃၁ | ၁၉၉၀ | ၁၅,၁၆၈ |
| ၈။ | မက္ကဆီကို | ၁၂၈.၉ | ၆၄၂,၈၆၀ | ၅,၃၅၁ | ၆၈,၄၈၄ |
| ၉။ | စပိန် | ၄၆.၈ | ၅၄၃,၃၇၉ | ၈,၈၆၆ | ၂၉,၆၂၈ |
| ၁၀။ | အာဂျင်တီးနား | ၄၅.၂ | ၅၀၀,၀၃၄ | ၁၂,၀၂၇ | ၁၀,၄၅၇ |

**Source: World Health Organization, UNFPA (World's population data -2019)**

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

** ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စိစစ်ဆဲဖြစ်ပါသည်။

## ၇။ (ခ) အာရှနိုင်ငံအချို့၏ COVID-19 ရောဂါ ဖြစ်ပွားမှုအခြေအနေ

## (၁၁-၉-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၁:၀၀) အချိန်အထိ

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း) * | ယခုချိန်ထိ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | လွန်ခဲ့သော (၂၄) နာရီ အတွင်း ဓာတ်ခွဲ အတည်ပြု လူနာအသစ် | ယခုချိန်ထိ သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အိန္ဒိယ | ၁၃၆၈.၇ | ၄,၄၆၅,၈၆၃ | ၉၅,၇၃၅ | ၇၅,၀၆၂ |
| ၂။ | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၃၃၁,၀၇၈ | ၁,၈၂၇ | ၄,၅၉၃ |
| ၃။ | ပါကစ္စတန် | ၂၂၀.၉ | ၂၉၉,၈၅၅ | ၁၉၆ | ၆,၃၆၅ |
| ၄။ | ဖိလစ်ပိုင် | ၁၀၉.၆ | ၂၄၅,၁၄၃ | ၃,၁၅၆ | ၃,၉၈၆ |
| ၅။ | အင်ဒိုနီးရှား | ၂၆၉.၅ | ၂၀၃,၃၄၂ | ၃,၃၀၇ | ၈,၃၃၆ |
| ၆။ | ကာတာ | ၂.၇ | ၁၂၀,၈၄၆ | ၂၆၃ | ၂၀၅ |
| ၇။ | တရုတ် | ၁၄၂၀.၁ | ၉၀,၅၉၅ | ၁၃ | ၄,၇၄၀ |
| ၈။ | ယူအေအီး | ၉.၇ | ၇၅,၉၈၁ | ၈၈၃ | ၃၉၃ |
| ၉။ | ဂျပန် | ၁၂၆.၉ | ၇၃,၂၂၁ | ၄၉၅ | ၁,၄၀၆ |
| ၁၀။ | စင်္ကာပူ | ၅.၉ | ၅၇,၁၆၆ | ၇၅ | ၂၇ |
| ၁၁။ | နီပေါ | ၂၉.၉ | ၄၉,၂၁၉ | ၁,၀၈၁ | ၃၁၂ |
| ၁၂။ | ကိုရီးယားသမ္မတနိုင်ငံ | ၅၁.၃ | ၂၁,၇၄၃ | ၁၅၅ | ၃၄၆ |
| ၁၃။ | မလေးရှား | ၃၂.၅ | ၉,၅၈၃ | ၂၄ | ၁၂၈ |
| ၁၄။ | ထိုင်း | ၆၉.၃ | ၃,၄၅၄ | ၇ | ၅၈ |
| ၁၅။ | မြန်မာ | ၅၄.၃ | ၂,၂၆၅ | ၂၅၇ | ၁၄ |
| ၁၆။ | ဗီယက်နမ် | ၉၇.၄ | ၁,၀၅၉ | ၀ | ၃၅ |
| ၁၇။ | ကမ္ဘောဒီးယား | ၁၆.၅ | ၂၇၄ | ၀ | ၀ |
| ၁၈။ | ဘူတန် | ၀.၈ | ၂၃၄ | ၀ | ၀ |
| ၁၉။ | လာအို | ၇.၁ | ၂၂ | ၀ | ၀ |

Source: World Health Organization, UNFPA (World's population data -2019)

## ၈။ COVID-19 ကာကွယ်၊ထိန်းချုပ်ရေးအတွက် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးထားရှိမှုအခြေအနေ

### COVID-19 ရောဂါကာကွယ်ရေးပစ္စည်းများ လက်ခံရရှိ/ဖြန့်ဖြူး/လက်ကျန်စာရင်း

(as of 10.9.2020)

| စဉ် | ပစ္စည်းအမျိုးအမည် | AU | လက်ခံရရှိသော အရေအတွက် | ဖြန့်ဝေပြီး အရေအတွက် | လက်ကျန် အရေအတွက် |
|---|---|---|---|---|---|
| ၁ | PPE Coverall | No. | ၃၅၃,၀၆၄ | ၃၄၃,၅၉၃ | ၉,၄၇၁ |
| ၂ | PPE (Non Medical Grade) | No. | ၇၁,၅၀၀ | ၆၂,၇၁၀ | ၈,၇၉၀ |
| ၃ | PPE Full Set | Set | ၁၁၂,၄၂၀ | ၄၅,၁၂၅ | ၆၇,၂၉၅ |
| ၄ | N95 Mask | No. | ၃၀၅,၃၆၅ | ၁၃၁,၅၄၅ | ၁၇၃,၈၂၀ |
| ၅ | KN-95 Mask | No. | ၄၂၆,၆၆၀ | ၂၄၃,၂၈၈ | ၁၈၃,၃၇၂ |
| ၆ | Surgical Mask | No. | ၂၃,၈၈၉,၇၈၀ | ၂၀,၃၇၈,၂၅၀ | ၃,၅၁၁,၅၃၀ |
| ၇ | Sugical Gown | No. | ၁၂၃,၃၂၅ | ၅၂,၃၈၀ | ၇၀,၉၄၅ |
| ၈ | Surgical Glove | Pairs | ၅၀၉,၄၀၀ | ၄၁၄,၉၃၀ | ၉၄,၄၇၀ |
| ၉ | Exam Glove | Box | ၂၅,၅၀၁ | ၂၂,၂၀၄ | ၃,၂၉၇ |
| ၁၀ | Goggle | No. | ၂၀၇,၈၉၉ | ၆၇,၄၃၆ | ၁၄၀,၄၆၃ |
| ၁၁ | Shoe Cover | Pairs | ၁၄၉,၂၅၁ | ၂၇,၂၉၀ | ၁၂၁,၉၆၁ |
| ၁၂ | Bleaching Powder (65%, 40kg) | Drum | ၁,၄၀၅ | ၁,၁၀၅ | ၃၀၀ |
| ၁၃ | Face Shield | No. | ၉၄၅,၁၂၂ | ၅၆၆,၀၂၄ | ၃၇၉,၀၉၈ |
| ၁၄ | Hand Sanitizer 500 ml | Bot | ၂၅၇,၂၅၇ | ၂၂၂,၅၉၉ | ၃၄,၆၅၈ |
| ၁၅ | Non Contact Thermometer | No. | ၁၅,၉၃၆ | ၁၃,၅၄၅ | ၂,၃၉၁ |
| ၁၆ | Hand Speaker with Memory Stick | No. | ၃၂,၁၇၀ | ၂၄,၇၈၄ | ၇,၃၈၆ |
| ၁၇ | Viral Transport Medium (VTM) | No. | ၄၁၉,၀၂၀ | ၃၉၄,၅၀၀ | ၂၄,၅၂၀ |

**၉။ COVID-19 နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသော - မြန်မာလူမျိုးများ၏ရောဂါ အန္တရာယ်နှင့်ပတ်သက်သော သဘောထားအမြင်၊ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ပတ်သက်သော အသိအမြင်ကို လေ့လာသော သုတေသနစာတမ်း**

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဦးဆောင်သော ဆရာ/ ဆရာမများနှင့် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့/ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူ များသည် **၂၀၂၀ ခုနှစ် မတ်လ (၃) ရက်မှ မတ်လ (၂၀)ရက်နေ့ထိ** ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သုတေသနကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံရောနှင့် အောင်မင်္ဂလာအဝေးပြေး ကား ဂိတ်၊ ဝမ်းတီးနှင့် မားမားခေါက်ဆွဲစက်ရုံ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့ပေါ်ရပ်ကွက် (၄) ခု တို့ရှိ အသက် (၁၈)နှစ်နှင့် အထက်ရှိသော လူဦးရေ စုစုပေါင်း (၅၉၇) ယောက်တို့နှင့် မေးခွန်း များကို မေးမြန်းခြင်းအားဖြင့် ပြုလုပ်ခဲ့ပါသည်။

ဖြေဆိုသူများ၏ **၅၄ ရာခိုင်နှုန်း**သည် **အသက် ၂၁-၄၀ နှစ်**အတွင်းရှိသောသူများ ဖြစ်ပြီး **၆၃ ရာခိုင်နှုန်း**သည် ပညာအရည်အချင်းအားဖြင့် **အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်တက်** ရောက်နေသူများ ဖြစ်ပါသည်။

လူဦးရေစုစုပေါင်း (၅၉၇) ယောက်နှင့် တွေ့ဆုံမေးမြန်းပြီးနောက် ရရှိလာသော အဓိက သုတေသနတွေ့ရှိချက်များမှာ-

**COVID-19 နှင့်ပတ်သက်သော ဗဟုသုတများ (Knowledge)**

- ဖြေဆိုသူများ၏ **၉၈ ရာခိုင်နှုန်း**သည် လတ်တလောဖြစ်ပွားနေသော COVID-19 ရောဂါ အကြောင်းကို ကြားဖူးသည်ဟု ဖြေဆိုသော်လည်း အဆိုပါလူဦးရေထဲမှ **၈၇ ရာခိုင်နှုန်း** သည် COVID-19 ရောဂါနှင့်ပတ်သက်သော ဗဟုသုတအနည်းငယ်သာရှိပါသည်။
- **၂၇ ရာခိုင်နှုန်း**သာလျှင် COVID-19 ကို ဖြစ်စေနိုင်သောအဓိကအကြောင်းအရင်း (Causal agent) ကို မှန်ကန်စွာဖြေဆိုနိုင်ပါသည်။
- ဖြေဆိုသူများ၏ **၆၇ ရာခိုင်နှုန်းခန့်**က COVID-19 သည် ချောင်းဆိုးခြင်း၊ နှာစေးခြင်း နှင့် စကားပြောခြင်းစသည်တို့မှထွက်သော အရည်၊ အစက်များကြောင့် ကူးစက်သည်ဟု

ဖြေဆိုပြီး **၃၀ ရာခိုင်နှုန်း**ကသာ နီးကပ်စွာထိတွေ့ခြင်းကြောင့် ကူးစက်နိုင်သည်ဟု ဖြေဆိုပါသည်။

- လက်ကို မကြာခဏဆေးကြောခြင်းသည် ရောဂါပိုးကူးစက်ခြင်းကို ကာကွယ်နိုင် ကြောင်း သိနားလည်သူသည် မေးမြန်းခံရသူများ၏ **တစ်ဝက်ခန့် (၅၅ ရာခိုင်နှုန်း)** သာ လျှင်ရှိပါသည်။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ရမည်ဟု **၄၅ ရာခိုင်နှုန်း**က ဖြေဆိုပါသည်။
- ရောဂါပိုးရှိသူများနှင့်နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ခြင်းသည် ရောဂါကူးစက် ခြင်းကို ကာကွယ်နိုင်ကြောင်းသိနားလည်သူသည် **၁၁ ရာခိုင်နှုန်းခန့်**သာရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 နှင့်ပတ်သက်သော သတင်းအချက် အလက်များကို အဓိကရရှိသောနေရာဖြစ်ကြောင်းကို **၁၃ ရာခိုင်နှုန်း**က ဖြေဆိုပါ သည်။
- **၂၅ ရာခိုင်နှုန်း**သော ဖြေဆိုသူများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယုံ ကြည်ရသော သတင်းအချက်အလက်များကိုပေးနိုင်သော အဓိကအရင်းအမြစ်ဖြစ် ကြောင်း ဖြေဆိုခဲ့ပါသည်။

**COVID-19 နှင့်ပတ်သက်၍ သိမြင်နားလည်ခြင်း (Perception)**

- အသွားအလာထိန်းချုပ်ကန့်သတ်ခြင်းသည် COVID-19 ကာကွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်သော နည်းလမ်းဖြစ်ပါသလားဟုမေးမြန်းရာတွင် **၆၂ ရာခိုင်နှုန်းခန့်**သော ဖြေဆို သူများက သဘောတူညီမှု မရှိပါ။
- ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် COVID-19 ကာကွယ်ရေးတွင် အရေးပါကြောင်းကို ဖြေဆိုသူ၏ **၉၉ ရာခိုင်နှုန်း**က သဘောတူညီမှုရှိသည်။

**ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးမှု (Reported Protective Behaviors)**

- လက်ကို မကြာခဏဆေးကြော (တစ်နေ့လျှင် ၅ ကြိမ်နှင့် အထက်) သည်ဟု ဖြေဆိုသူ ၄၅ ရာခိုင်နှုန်းရှိပါသည်။
- ချောင်းဆိုး၊ နှာချေစဉ်တွင် ဖုံးအုပ်ထားကြောင်းဖြေဆိုသူသည် ၄၇ ရာခိုင်နှုန်း ရှိပါသည်။

ဤသုတေသနအရ ပြည်သူလူထုအတွင်းတွင် COVID-19 နှင့်ပတ်သက်သောဗဟုသုတ၊ အသိပညာနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်စေသည့်နည်းလမ်းများ လိုက်နာကျင့်သုံးမှု နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ဤသုတေသနတွေ့ရှိချက်ပေါ်အခြေခံ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့် COVID-19 နှင့်ပတ်သက်၍ ပြည်သူများ၏ ဗဟုသုတ၊ သဘောထားအမြင်နှင့် လိုက်နာကျင့်သုံးမှု တိုးတက် ကောင်းမွန်လာစေရန်အတွက် ရပ်ကွက်၊ ကျေးရွာတိုင်း၌ လက်ကိုင်အသံချဲ့စက်များ၊ အသံချဲ့စက်များကိုအသုံးပြု၍ နေ့စဉ်(၅)ကြိမ် ကြေညာနှိုးဆော်ပေးရန်တိုက်တွန်းနေရခြင်း ဖြစ်ပါသည်။

## ၁၀။ အထွေထွေ

(က) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဂုဏ်ထူးဆောင်ပါမောက္ခ ပါမောက္ခ ဒေါက်တာ ဖေသက်ခင်မှ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာမျိုးခင်မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော အဖွဲ့ဝင် (၂၄)ဦး ပါဝင်သည့် **" COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များနှင့် ကျန်းမာရေးစနစ် အပေါ်သက်ရောက်မှုများကို ကြိုတင်မှန်းဆပြင်ဆင်ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့"** ကို (၂၇-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့၏ တာဝန်နှင့်ဝတ္တရား များ မှာ -

- COVID-19 ကပ်ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်အကျိုးဆက်များကို ခန့်မှန်း သုံးသပ်တွက်ချက်ရန်၊
- COVID-19 ကပ်ရောဂါကြောင့် ကျန်းမာရေးစနစ်အပေါ် သက်ရောက်မှုများကို ဘက် ပေါင်းစုံမှ စဉ်းစားသုံးသပ်ရန်၊
- အဆိုပါခန့်မှန်းသုံးသပ်ချက်အပေါ်မူတည်၍ ကြိုတင်ပြင်ဆင်သင့်သည့် အချက်များကို ရေတို၊ ရေရှည်ကာလအလိုက် အစီအစဉ်များရေးဆွဲနိုင်ရေး အကြံပြုတင်ပြရန်၊
- သက်ဆိုင်ရာစီမံချက်များအလိုက်၊ ဌာနခွဲများအလိုက်၊ ကြိုတင်ပြင်ဆင်ထားရမည့် သီးခြားအစီအစဉ်များနှင့်ပတ်သက်၍ ပညာရပ်ဆိုင်ရာအကြံပြုတင်ပြရန်တို့ဖြစ်ပါသည်။

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ပြည်နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ ဦးဆောင်သော ဗဟိုအဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့နှင့် (Rapid Response Team)အဖွဲ့များကိုစေလွှတ်၍ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြီးကြပ် ကူညီပံ့ပိုးပေးလျက်ရှိ ပါသည်။

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေ သနဦးစီးဌာနတို့ပူးပေါင်း၍ (၁၀-၈-၂၀၂၀) ရက်နေ့ နောက်ပိုင်း ရခိုင်ပြည်နယ်သို့ ခရီးသွား လာမှုရှိသူ များအားစုံစမ်းပြီး သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ လာရောက်သတင်းပေးပို့ရန်နှင့် ကျန်းမာရေး စစ်ဆေးမှုများ ခံယူရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာန တို့တွင် COVID-19 ရောဂါပိုးကို Polymerase Chain Reaction (PCR) နည်းပညာဖြင့် စောင့်ကြည့် လူနာ၊ အသွားအလာကန့်သတ်ကာစောင့်ကြည့်ခံရသူများနှင့် လူနာနှင့်အနီးကပ် ထိတွေ့သူများ ထံမှဓာတ်ခွဲနမူနာများကိုနေ့စဉ်ပိုမိုရယူပြီး ယခင်ကထက် တိုးမြှင့်စစ်ဆေးသွားရန် ဆောင်ရွက် လျက်ရှိပါသည်။ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ တောင်ကြီးမြို့နှင့် လားရှိုးမြို့တို့ရှိ ပြည်သူ့ကျန်းမာ ရေး ဓာတ်ခွဲခန်းများတွင်လည်း အလားတူနည်းပညာဖြင့် COVID-19 ရောဂါပိုး ဓာတ်ခွဲစစ်ဆေး နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)သည် (၁-၆-၂၀၂၀) ရက်နေ့မှစတင်၍ ဓာတ်ခွဲနမူနာများ စတင်စစ်ဆေးလျက်ရှိပြီး ပြည်သူ့ကျန်းမာ

ရေးခေတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) ခေတ်ခွဲခန်းသည်လည်း (၄-၆-၂၀၂၀) ရက်နေ့မှစတင် ၍ ခေတ်ခွဲနမူနာ စတင်စစ်ဆေးလျက်ရှိပါသည်။

(ဃ) COVID-19 ရောဂါပျောက်ကင်းသက်သာသွားသည့်သူများ၏ သွေးရည်ကြည်ကို အသုံးပြု ထည့်သွင်း၍ COVID-19 ပိုးတွေ့လူနာများအား ကုသပေးနိုင်ရန်အတွက် COVID-19 နှင့်ပတ်သက် သည့် နိုင်ငံတကာကုထုံးများ၊ သုတေသနတွေ့ရှိချက်များ၊ ဆေးပညာကျင့်ဝတ်တို့ ပေါ်မူတည်၍ မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်ရန်သင့်တော်သည့် အခြေအနေများကို စဉ်းစားဆွေးနွေး သုံးသပ်၍ အကြံပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် သွေးရောဂါ ပညာဌာန၊ ပါမောက္ခ/ ဌာနမှူး (ငြိမ်း) ပါမောက္ခဒေါက်တာရဲမြင့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သော **"ပြန်လည်သက်သာကောင်းမွန်သွားသော COVID-19 လူနာ၏ သွေးရည်ကြည် ဖြင့် COVID-19 ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့"** ကို (၁၆-၄-၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်ထိ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါပြင်းထန်သော COVID-19 ရောဂါ အတည်ပြုလူနာ(၈)ဦးကို COVID-19 ရောဂါပျောက်ကင်းသက်သာသွားသည့်သူများ၏ သွေးရည် ကြည်ကို အသုံးပြု၍ အထူးကုဆရာဝန်ကြီးများမှ ပိုင်းဝန်းပူးပေါင်းကြပ်မတ်ကုသပေးခဲ့ရာ သက်သာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါသည်။

(င) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်သူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်း များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ရာတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုနှင့် ပြောကြား ချက်များကို စုစည်းထားပြီး မိမိတို့ဝန်ထမ်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(စ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးသုတေသနဦးစီးဌာန၊ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ Blue Ocean Investment Limited နှင့် မိုဘိုင်းအော်ပရေတာများ (MPT, Telenor, Ooredoo, Mytel) ပူးပေါင်းကာ COVID -19 ရောဂါ ဆိုင်ရာ သိရှိလိုသည်များကို ပြည်သူများမှ အခမဲ့ ဖုန်းခေါ်ဆို မေးမြန်းနိုင်သော **National COVID-19 Call Center** ဖုန်းနံပါတ် "2019" အား (၈-၄-၂၀၂၀) ရက်နေ့မှစတင်၍ အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ Cell Center မှတစ်ဆင့် COVID- 19 ရောဂါဆိုင်ရာ

ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကို လိုင်းခွဲနံပါတ် (၁) မှ (၅) အထိ စက်ဖြင့် အလိုအလျောက် ဖြေကြားပေးလျက်ရှိပြီး ပြည်သူများမှ လိုင်းခွဲနံပါတ် (၀) မှ တစ်ဆင့် တိုက်ရိုက် မေးမြန်းလာသည်များကိုလည်း ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (MMA) တို့မှ ဆရာဝန်များနှင့် တာဝန်ရှိသူများက နေ့စဉ် နံနက် (၈) နာရီမှ ည (၈) နာရီအထိ ဖြေကြား ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဆ) ပြည်သူများအနေဖြင့် အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်း များ ဆောင်ရွက်ရာ၌ လည်းကောင်း၊ ပိုးတွေ့လူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်သူများကို အချိန်နှင့်တပြေးညီ ရှာဖွေစုံစမ်းဖော်ထုတ်ခြင်းပြုရာ၌လည်းကောင်း၊ ပံ့ပိုးကူညီပူးပေါင်း ဆောင်ရွက်ရန် မေတ္တာရပ်ခံအပ်ပါသည်။

(ဇ) မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ဖြစ်ပွားမှု များပြားလာလျက်ရှိသောကြောင့် ပြည်သူ များအနေဖြင့် ပေါ့ဆမှု (လုံး၀) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံး ပါက COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည် -

- တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံး၀) မသွားကြပါရန်။
- တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။
- (လိုအပ်၍) အပြင်ထွက်ပါက လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကိုစနစ်တကျမပျက်မကွက် တပ်ဆင်ကြပါရန်။
- လက်တွင်ကပ်ပါလာနိုင်သော Virus ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာ နှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

## ၁၁။ ပြည်သူများ ဝင်ရောက်ကြည့်ရှုသင့်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ အင်တာနက်လိပ်စာ Link များ

(က) **Myanmar COVID-19 Surveillance Dashboard**

**Mobile View:** https://bit.ly/2W0cmeE

**Desktop View:** https://bit.ly/2KCvZnQ

(ခ) **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှု အခြေအနေပြ အစီရင်ခံစာများ (Situation Reports)**

https://mohs.gov.mm/page/9575

(ဂ) ပြည်သူများအတွက် ကိုရိုနာဗိုင်းရပ်စ် COVID-19 ဆိုင်ရာ ကျန်းမာရေးအသိပညာများ
https://mohs.gov.mm/Main/content/publication/2019-ncov

(ဃ) ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန်များ
https://mohs.gov.mm/Main/content/publication/2019-ncov

(င) COVID-19 စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးများ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး၏ ပြောကြားချက်များမှ ကောက်နုတ်ချက်များ (၂၄-၁-၂၀၂၀) ရက်နေ့မှ (၃၀-၈-၂၀၂၀) ရက်နေ့အထိ https://mohs.gov.mm/page/12202

ပြည်ထောင်စုဝန်ကြီး၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ တိုက်ရိုက်လမ်းညွှန်မှုဖြင့် ညွှန်ကြားရေးမှူး (ပြည်ထောင်စုဝန်ကြီးရုံးခန်း)၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေးဦးစီးဌာနနှင့် e-Health ဌာနခွဲတို့မှ တာဝန်ရှိသူများ ပြုစုထားခြင်းဖြစ်ပါသည်။